ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan (VDP)

**ကြံခင်းမြို့နယ်**

၂၀၁၈ ခုနှစ် ပိုးစုကြီးကျေးရွာအုပ်စု၊ စပါးအိုး(အရှေ့)ကျေးရွာ

**မာတိကာ**

၁။မြို့နယ်မြေပုံ

၂။ကျေးရွာမြေပုံ(တည်နေရာ)

၃။အုပ်စုတွင်ပါ ဝင်သောကျေးရွာများစာရင်း

၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)


၁၂။အစည်းအဝေးမှတ်တမ်းများ

၁၃။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁။မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲခူး တိုင်း ဒေသ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှုံးချောင်း
ကျောက်နီချောင်း
မှုင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ပတော်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
မြန်အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ကျေးရွာမြေပုံ(တည်နေရာ)




ထိန်ပင်မြောင်း(အထက်စု)ကျေးရွာပြမြေပုံ

## ၃။ ပိုးစုကြီးကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာပေါင်း(၈)ရွာ

၁။ပိုးစုကြီးကျေးရွာ

**၂။စပါးအိုး(အရှေ့)ကျေးရွာ**

၃။ဘဲ့ပြားကျေးရွာ

၄။ထိန်ပင်မြောင်(အထက်စု)ကျေးရွာ

၅။ထိန်ပင်မြောင်(အောက်စု)ကျေးရွာ

၆။ချင်းရွာကြီးကျေးရွာ

၇။အောင်ချမ်းသာကျေးရွာ

၈။ကန်သာယာကျေးရွာ တို့ပါဝင်ပါသည်။

**၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)**

စပါးအိုး(အရှေ့) ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ ကြံခင်းမြို့နယ် ပိုးစုကြီး ကျေးရွာအုပ်စု (၈) ရွာတွင် အပါအဝင်ဖြစ်ပါသည်။

- ○ စပါးအိုး(အရှေ့)ကျေးရွာ၏
    - အရှေ့ဘက်တွင်ပုသိမ်မုံရွာလမ်းမကြီး
    - အနောက်ဘက်တွင်လယ်ကွင်းများ
    - မြောက်ဘက်တွင် ပေချောင်း
    - တောင်ဘက်တွင် အောင်ချမ်းသာကျေးရွာ တို့ ရှိသည်။
- ○ အိမ်ထောင်စုစုပေါင်း(၃၆၂)စု ဗမာ(၃၅၇)စု ကရင်(၃)စု ချင်း(၂)စုရှိသည်။
- ○ လူဦးရေစုစုပေါင်း(၁၃၁၃)ဦး အမျိုးသား(၆၂၁)ဦး အမျိုးသမီး(၆၉၂)ဦးရှိသည်။
- ○ ပညာရေး
    - အခြေခံပညာအလယ်တန်းကျောင်းရှိသည်။
- ○ ကျန်းမာရေး
    - ကျေးလက်ဆေးပေးခန်းမရှိပါ။

      ထိန်ပင်မြောင်(အထက်စု)ဆေးပေးခန်းတွင်ကုသသည်။
- ○ စီးပွားရေး
    - အဓိက လယ်ယာစိုက်ပျိုးရေး။
    - ကျဘန်းလုပ်ကိုင်မှုများလည်းရှိသည်။
- ○ ထွက်ကုန်
    - ဆန်စပါး ပဲ ပြောင်း နှမ်း ဖရဲသီး။
    - ဆောက်လုပ်ရေးအတွက် ကျောက်ကြီးများလည်းထွက်သည်။

# ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | 26.9.2017 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | 8 | 8 | 16 | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | 26.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 8 | 8 | 16 | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | 26.9.2017 | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | 8 | 8 | 16 | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ် ဆက်မှုပြမြေပုံ (Venn Diagram) | 26.9.2017 | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | 8 | 8 | 16 | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | 26.9.2017 | ကျေးရွာရှိအမျိုးသားနှင့် အမျိုသမီးများ | 8 | 8 | 16 | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ်အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | 26.9.2017 | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | 8 | 8 | 16 | -အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | 26.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 102 | 107 | 209 | ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက်များ (Village Vision) | 26.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 102 | 107 | 209 | ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေး လုပ်ငန်းများ | 27.9.2017 | ကော်မတီဝင်များနှင့်၊ရပ်ရွာ လူထုများ၊ တက် ရောက်သူ အားလုံး | 98 | 100 | 198 | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(က)လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ





လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ

**လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ(ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း)**

- ကျေးရွာတည်ရှိမှု မြေပြင်အနေအထားကို သိရှိပြီး ဆောင်ရွက်ရမည်များကို သိရှိရသည်။
- ကျေးရွာအနေဖြင့် ပုသိမ်-မုံရွာလမ်းမကြီး ဘေးတွင် ရှိသောကြောင့် ဆက်သွယ်ရေး မခက်ခဲပါ။
- ရွာတွင်းလမ်းများမှာ ချောင်းကျောက်လမ်းများ ဖြစ်သောကြောင့် ဖုန်ထခြင်း များရှိသည်။
- အလယ်တန်းကျောင်း ရှိသောကြောင့် ပညာရေးမှာ အသင့်အတင့် ကောင်းမွန်သည်။
- ကျေးလက်ဆေးပေးခန်း မရှိသောကြောင့် ကျန်းမာရေး စောင့်ရှောက်မှု အားနည်းသည်။
- ရွာ၏ အချို့နေရာများတွင်ရေအခက်အခဲရှိသောကြောင့်၂၀၁၇ ခုနှစ်တွင် လူထုဗဟိုပြု စီမံကိန်းက စမ်းကုန်း၊ ဖန်ခါးကုန်း၊ ရွာမ၊ တာကြီးတန်း ရေရရှိရေးဆောင်ရွက်ပေးခဲ့သည်။
- စာသင်ကျောင်းမလုံသောကြောင့် ၂၀၁၆ ခုနှစ်တွင်လူတုဗဟိုပြုစီမံကိန်းက စာသင်ကျောင်းခြံစည်းရိုးပြုပြင်ခဲ့သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ခ)ရာသီခွင်ပြ ပြက္ခဒိန်





ရာသီခွင်ပြ ပြက္ခဒိန်

**ရာသီခွင်ပြ ပြက္ခဒိန်( ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

- ရာသီဥတု
    - နယုန်၊ဝါဆို၊ဝါခေါင်၊တော်သလင်း၊သီတင်းကျွတ်လများသည်မိုးဥတုဖြစ်သည်။
    - တန်ဆောင်မုန်း၊နတ်တော်၊ပြာသို၊တပို့တွဲလများသည်ဆောင်းဥတုဖြစ်သည်။
    - တပေါင်း၊တန်ခူး၊ကဆုန်လများသည်နွေဥတုဖြစ်သည်။
- အလုပ်အကိုင်
    - ဆန်စပါးကိုနယုန်။ဝါဆို၊ဝါခေါင်၊တော်သလင်း၊သီတင်းကျွတ်၊တန်ဆောင်မုန်းလများတွင်စိုက်ပျိုးကြသည်။
    - ပဲ၊ပြောင်း၊နှမ်း၊ဖရဲသီးနှံများကိုနတ်တော်၊ပြာသို၊တပို့တွဲလများတွင်စိုက်ပျိုးကြသည်။
    - လယ်ယာမြေမရှိသူများကကျဘန်းလုပ်ကိုင်ကြသည်။
- ဝင်ငွေ
    - နတ်တော်၊ပြာသိုလများတွင်ဝင်ငွေကောင်းမွန်သည်။
    - တော်သလင်း၊သီတင်းကျွတ်၊တန်ဆောင်းမုန်းလများတွင်ဝင်ငွေအသင့်အတင့်ရှိသည်။
    - ကျန်လများတွင်ဝင်ငွေနည်းပါးသည်။
    - ကျဘန်းလုပ်ကိုင်နေသူများအတွက်ဝင်ငွေပုံမှန်မရှိပါ။
- ပွဲတော်
    - ဗမာလူမျိုးများနေထိုင်ကြသောကြောင့်ယဉ်ကျေးမှုအစဉ်လာပွဲများသာကျင်းပသည်။
    - သင်္ကြန်ပွဲ၊ညောင်ရေသွန်းပွဲ၊ဝါဆိုပွဲ၊မီးထွန်းပွဲ၊ကထိန်ပွဲတို့ဖြစ်ကြသည်။
- အစားအစာ
    - စပါးထွက်သောတော်သလင်း၊သီတင်းကျွတ်၊တန်ဆောင်မုန်းလများတွင်ပေါသည်။
    - အခြားသီးနှံထွက်သောနတ်တော်၊ပြာသို၊တပို့တွဲလများတွင်လည်းပေါများသည်။
    - အခြားလများတွင်ဝယ်ယူစားသုံးရသောကြောင့်ရှားပါးသည်။
- ကျဘန်းလုပ်ကိုင်သူများသောကြောင့်ရွှေ့ပြောင်းလုပ်သားများသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဂ)ဥစ္စာဓန အဆင့်သတ်မှတ်ခြင်း




ဥစ္စာ ဓနအဆင့် သတ်မှတ်ခြင်း

ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း(ဆန်းစစ်ခြင်းနှင့်သုံးသပ်ချက်)

- ချမ်းသာသောအဆင့်
- အုတ်ပတ်ကားအိမ် ၊ လယ် ၆ ဧက ၊ ကိုင်း ၁ ဧက ၊ ဥယျာဉ် ၀.၅ ဧက ၊ ကား ၁ စီး ၊ ထွန်စက် ၊ နွား တို့ကိုပိုင်ဆိုင်သည့် အိမ်ထောင်စု ၁၀ စုရှိသည်။

- ပြည့်စုံသောအဆင့်
- ပျဉ်ထောင်ပျဉ်ခင်းသွပ်မိုးအိမ် ၊ လယ် ၃ ဧက ၊ ထွန်စက်သေး ၊ နွား တို့ကိုပိုင်ဆိုင်သည့်အိမ်ထောင်စု ၉၂ စုရှိသည်။


- မပြည့်စုံသောအဆင့်
- သုံးပင် အိမ် ထရံကာသွပ်မိုးအိမ် ၊ ကျဘန်းလုပ်ကိုင်သည့်အိမ်ထောင်စု ၁၂၀ စုရှိသည်။

- နွမ်းပါးသောအဆင့်
- ဝါးခင်းထရံကာသက်ကယ်မိုးအိမ် ၊ ကျဘန်းလုပ်ကိုင်သည့်အိမ်ထောင်စု ၁၄၀ စုရှိသည်။

- သုံးသပ်ခြင်း
- ကျေးရွာတွင်းရှိအိမ်ထောင်စုအခြေအနေကိုသိရှိရသဖြင့်ကျေးရွာ ဖွံ့ဖြိုးရေးအခြေအနေ နှင့် ဝင်ငွေရရှိမှုကိုသိရှိသုံးသပ်နိုင်ပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဃ)ပင့်ကူအိမ်သုံးသပ်ခြင်း




ပင့်ကူအိမ်သုံးသပ်ခြင်း ပြပုံ

**<u>ပင့်ကူအိမ်(ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)</u>**

အမျိုးသမီးများအနေဖြင့် အိမ်တွင်းမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်မှု တို့တွင် အားသာမှုရှိကြောင်း တွေ့ရှိရပါသည်။

အုပ်ချုပ်ရေးပိုင်းနှင့် လုံခြုံမှုယုံကြည်မှုတို့တွင် အမျိုးသားများက သာလွန်ပြီး အမျိုးသမီးများ ပါဝင်မှု အားနည်းကြောင်း တွေ့ရှိရပါသည်။


ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ ပညာရေးလက်လှမ်းမှီမှုနှင့် အလုပ်ကိုင်ရှာဖွေမှုတို့တွင် အမျိုးသား၊အမျိုးသမီးကွာခြားချက်မှာ အနည်းငယ်သာရှိကြောင်းတွေ့ရသည်။


အမျိုးသမီးများအနေဖြင့် အိမ်တွင်းမှု လုပ်ငန်းများဖြင့်သာ အချိန်ကုန်းမခံပဲ အခြားကဏ္ဍများတွင်လည်း ပါဝင်နိုင်စေရန် ကြိုးပမ်းသင့်ကြောင်း သုံးသပ်မိပါသည်။

အမျိုးသမီးများသည် အိမ်တွင်းမှုများတွင်သာ အချိန်ကုန်နေရပြီး လုံခြုံမှုနည်းပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း ၊ဝင်ငွေရှာဖွေမှု နည်းပါးခြင်း၊ အမျိုးသမီးများ အနေဖြင့် အခြား ဝင်ငွေ ရရှိနိုင်ရန်အတွက် အိမ်တွင်းမှု အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ မရှိခြင်း။ ကျေးရွာတွင် အမျိုးသမီးများ သီးသန့် အသိအညာပေး ဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက် ချပိုင်ခွင့်နှင့် လုပ်အားခများ တူညီသော အလုပ်အတွက် တူညီသော လုပ်အားခများ ကျား/မ တန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ခြင်းဖြင့် ကူညီနိုင်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(င)အရင်းများအပေါ်ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှု




အရင်းများအပေါ်ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှုပြပုံ


**အရင်းများအပေါ်ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှု(ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)**

အမျိုးသမီးများ ပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း တို့တွင် ပစ္စည်းများအား အမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင် ကြောင်းတွေ့ရှိရသည်။အပ်ချုပ်စက်ကိုသာ အမျိုးသမီးများ အသုံးပြုကြသည်ကိုသာ တွေ့ရှိရသည်။ လယ်ထွန်စက်၊ ထွန်၊ထယ်၊လှည်း ၊နွားများကိုသာ အမျိုးသားများ သီးသန့် အသုံးပြုကြသည်။ ဝါးခြံ၊ လယ်၊ ဝက်၊ ကိုင်း စသည့် အရင်းအမြစ်များကို အမျိုးသားများနှင့် အမျိုးသမီး များ နှစ်ဦးစလုံးအသုံးပြုကြသည်။ အမျိုးသားနှင့် အမျိုးသမီးများ အသုံးပြုသော အရင်းအမြစ် များမှာ အလွန်ပင် များပြားသည်။ အရင်းအမြစ် များ ထိန်းချုပ်ခြင်း ၊ ဆုံးဖြတ်ချက်များ ချရာတွင် အများအားဖြင့် အမျိုးသားများက သာ ထိန်းချုပ်ခြင်း/ဆုံးဖြတ်ချက် ချခြင်းများကို ပြုလုပ်နေကြသည်။

အမျိုးသမီးများ အနေဖြင့် ၎င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော/ဆုံးဖြတ်ချက်ချရသော အရင်းအမြစ် များမှာ အလွန်ပင် နည်းပါးသည်။ အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသာများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှမှု ရှိပေလိမ့်မည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(စ) အဖွဲ့အစည်းချိတ်ဆက်ပြပုံ**




အဖွဲ့အစည်းချိတ်ဆက်ပြပုံ

**အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

ကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ လူထုဗဟိုပြု စီမံကိန်း ကော်မတီအဖွဲ့၊ ဘာသာရေး အဖွဲ့တို့သည် ကျေးရွာဖွံ့ဖြိုးရေးကို အဓိကဦးဆောင် လျက်ရှိသည်။


ကျေးရွာတွင်း အုပ်ချုပ်ရေးအဖွဲ့သည် အုပ်စုမြို့နယ်အုပ်ချုပ်ရေးနှင့် ချိတ်ဆက်ဆောင်ရွက် လျက်ရှိသည်။

လူထုဗဟိုပြုစီမံကိန်း ကော်မတီသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနနှင့်လည်း ကောင်း အသီးသီး ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

အဖွဲ့အစည်းများ ရှိသော်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် အားနည်းကြောင်း သုံးသပ်မိပါ သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဆ)ကျေးရွာ၏ အခက်အခဲများနှင့် ပြဿနာများ




အခက်အခဲပြဿနာများ

**အခက်အခဲပြဿနာများ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)**

**အမျိုးသားများ**

အခက်အခဲ (၅) ခုတွင်

- လမ်းမကောင်းခြင်း
- လျှပ်စစ်မီးမရှိခြင်း
- ကျန်းမာရေးစောင့်ရှောက်မှုအားနည်းခြင်း
- အများစုဝေးနေရာမရှိခြင်း
- ဝင်ငွေရအလုပ်အကိုင်မရှိခြင်း တို့ဖြစ်ကြသည်။


**အမျိုးသမီးများ**

အခက်အခဲ ( ၅ )ခုတွင်

- လမ်းမကောင်းခြင်း
- လျှပ်စစ်မီးမရှိခြင်း
- ကျန်းမာရေးစောင့်ရှောက်မှုအားနည်းခြင်း
- အများစုဝေးနေရာမရှိခြင်း
- ဝင်ငွေရအလုပ်အကိုင်မရှိခြင်း တို့ဖြစ်ကြသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဇ)ကျေးရွာ၏ မျှော်မှန်းချက်များ




မျှော်မှန်းချက်များ ပြပုံ

**ကျေးရွာမျှော်မှန်းချက်များ(ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

**အမျိုးသားများက**


- ခန်းမဆောင်ရှိရမည်
- ဆေးပေးခန်းရှိရမည်
- မီးလင်းရမည်
- လမ်းကောင်းရမည်
- ဝင်ငွေရလုပ်ငန်းများဆောင်ရွက်နိုင်ရမည် တို့ကိုမျှော်မှန်းကြသည်။

**အမျိုးသမီးများက**

- ဆေးပေးခန်းရှိရမည်
- မီးလင်းရမည်
- ဘက်စုံသုံးခန်းမရှိရမည်
- ကွန်ကရစ်လမ်းဖြစ်ရမည်
- အိမ်တွင်းစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်မျှော်မှန်းကြသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(ဈ)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ**




ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ပြပုံ


**ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

- ဘက်စုံသုံးခန်းမ
- အင်ဂျင်မီးလင်းရေး
- ကွန်ကရစ်လမ်း
- ဆေးပေးခန်း နှင့်
- တနိုင်တပိုင်မွေးမြူရေးလုပ်ငန်း တို့သည် အမျိုးသား ၊ အမျိုးသမီး နှစ်ဦးလုံးအဆိုပြုကြသည်။

➢ အသေးစားချေးငွေလုပ်ငန်း အမျိုးသမီးများသာအဆိုပြုသောလုပ်ငန်းများဖြစ်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ည) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အဆင့်သတ်မှတ်ခြင်း




ဖွံ့ဖြိုးရေးလုပ်ငန်းများ အဆင့်သတ်မှတ်ခြင်း

## ၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း [illegible] - ၂၉.၁၀.၂၀၁၆

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်တဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးဇော်ဝင်းဦး | ၀၉ · ၇၈၄ ၆၈၂ ၇၈၃၄ | ဦးကျော်စွာဝင်း |

| ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ဧရာဝတီ | ကြံခင်း | ပြို့ခုကြီး | စပါး[illegible] |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၃၅၇ | ဘာသာ (၁) ဗုဒ္ဓ | ၃၆၀· |
| လူမျိုးစု (၂) ကရင် | ၃· | ဘာသာ (၂) ခရစ်ယာန် | ၂ |
| လူမျိုးစု (၃) ချင်း | ၂ | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ကျ.၇ + မ.၇ = ပ.၁၄ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား + မ = ပ·<br>၃၂ + ၄၉ = ၈၁· | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၆၂၁ | ၆၉၂· |
| လူမျိုးစု (၁) ကရင် | ၁ | ၂ |
| လူမျိုးစု (၂) ချင်း | ၁ | ၁ |
| လူမျိုးစု (၃) ဗမာ | ၆၁၉· | ၆၈၉ |
| အိမ်ထောင်ဦးစီး | ၃၂၈· | ၃၄· |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | အခြား | ☐ | | အခြား | ☐ | ဗလီ | ☐ |
| | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　　ကတ္တရာလမ်း　　ကွန်ကရစ်လမ်း　　မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း　　မြေသားလမ်း　　လူသွားလမ်း　　အခြား __________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဝပဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ (ဝိုင်းပါ)

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ/မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်---၇-----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၁ ၊ ၂ နာရီ--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှား/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်---------၂ နာရီ------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှား/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ　　☐ ရှိပါသည်　　ရှိလျှင်ဖော်ပြပါ ------------------------------

(ဓ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား

(၁) ..............................

(၂) ..............................

ကျေးရွာခေါင်းဆောင် — အမည် ဦးကျော်မြေးဦး

လက်မှတ် [signature] ရက်စွဲ ၁၀-၇-2017

လူထုစည်းရုံးရေးမှူး — အမည် ဦးအောင်ကျော်ဝင်း

လက်မှတ် [signature] ရက်စွဲ 10-7-2017

## ပုံစံ - ၀ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ကျော်ကြွယ်ဝင်း | | | |
| နေ့စွဲ ၂၆.၉.၂၀၁၇ . | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း မကွေး | မြို့နယ် မြိုင် | ကျေးရွာအုပ်စု [illegible] | ကျေးရွာ ဆပါးဆိုး (အရှေ့) |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၆.၉.၁၇ | ၂၆.၉.၁၇ | ၁၀၂ | ၁၀၇ | ၂၀၅ | ဗမာ ၂၀၉ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၇.၉.၁၇ | ၂၇.၉.၁၇ | ၉၈ | ၁၀၀ | ၁၉၈ | ဗမာ ၁၉၈ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၈.၉.၁၇ | ၂၈.၉.၁၇ | ၃ | ၁ | ၄ | ဗမာ ၄ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | — | — | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

# ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ကျော်ရွာဝင်း |
| နေ့စွဲ 27.9.2017 — စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) √ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ — မြို့နယ် ကြံခင်း — ကျေးရွာအုပ်စု ပြင့်ရွာကြီး — ကျေးရွာ ခပေါ်ကုန်း(ဟ ရှာ) |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ √ | အများသုံးရုံး ဆွေးနွေးရာမရှိခြင်း | ၁ √ | ရေပေးရာ နေရာ အလှမ်းဝေးခြင်း |
| ၂ √ | သွားလာရေးလမ်း အဆင်မပြေခြင်း | ၂ √ | သူနာပြုသွားလာရာ ခက်ခဲခြင်း |
| ၃ √ | သူနာပြု၊ မီး မရှိ၍ ခက်ခဲခြင်း | ၃ √ | လမ်းမကောင်းခြင်း |
| ၄ √ | ကျန်းမာရေး အကွက် မပြုနိုင်ခြင်း | ၄ √ | ကျန်းမာရေး ဆောင်ရွက်မှု မရှိခြင်း |
| ၅ √ | ဝင်ငွေရအလုပ်အကိုင်မရှိခြင်း | ၅ √ | ပုံမှန် ဝင်ငွေ မရှိခြင်း |
| ၆ | | ၆ | |
| ၇ | | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ခန်းမဆောက်ဖို့ရမည် √ | ၁ | √ ဆေးပေးခန်း ရှိရမည်. |
| ၂ | ဆေးပေးခန်း ရှိရမည်. √ | ၂ | √ မီး လင်း ရမည်. |
| ၃ | မီး ရှိရမည်. √ | ၃ | √ ဘက်စုံသုံး ခန်းမ ရှိရမည်. |
| ၄ | လမ်း ကောင်း ရမည်. | ၄ | ဘူတာရုံသို့ လမ်းဖောက်ရမည်။ |
| ၅ | ဝင်ငွေရလုပ်ငန်း များ ဆောင်ရွက်နိုင် ရမည်။ | ၅ | အိမ်တွင်းမီး မွေးမြူရေး လုပ်ငန်း များ ဆောင်ရွက်ပြီးရမည် |
| ၆ | | ၆ | |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ဘက်စုံသုံးခန်းမ | ကျား+မ | ၁၆၀၀ အိမ် | ၁၃၁၃ |
| ၂ | ဓာတ်ကြိုးမီးလင်းရေး | ကျား+မ | ၁၁၀ အိမ် | ၁၃၁၃ |
| ၃ | ကွန်ကရစ်လမ်း | ကျား+မ | ၂၅၀ အိမ် | ၁၃၁၃ |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဆေးပေးခန်း | ကျား+မ | ကျန်းမာရေး |
| ၂ | အသေးစားချေးငွေလုပ်ငန်း | မ | အသက်မွေးဝမ်းကြောင်း |
| ၃ | တနိုင်တပိုင်ငွေချေးရေး | ကျား+မ | အသက်မွေးဝမ်းကြောင်း |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [signature] လက်မှတ် [signature] နေ့စွဲ 27.9.2017.

ဦးလှမိုး

27.9.2017.

လူထုဗဟိုပြုစီမံကိန်း၊ စီမံကိန်းလက်စွဲ

အပိုင်း-၃ ၁၉.၉.၂၀၁၅

**ပုံစံ PC-၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ**

| |
|---|
| လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF ၄ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ကျော်ရွှေဝင်း |

| | |
|---|---|
| နေ့စွဲ ၂၈.၉.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) |

| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု |
|---|---|---|
| ဧရာဝတီ | ကြံခင်း | ဖိုးချကြီး |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ဖိုးချကြီး | ဘက်စုံသုံးခန်းမ | ၆၀' x ၃၀' | ၁၂၃၉ ဦး | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | ၁၅၅၀၀,၀၀၀/- | ၅၀၀,၀၀၀/- | | | ၁၆,၀၀၀,၀၀၀ |
| ဘဲ့ပြား | စာသင်ကျောင်း ခြံစည်းရိုး | ၁၇၀၀' x ၅' | ၁၈၄ ဦး | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | ၁၂၀၀၀,၀၀၀ | — | | | ၁၂,၀၀၀,၀၀၀ |
| ထိန်ပင်မြောင် (အထက်ရွာ) | ဘက်စုံသုံးခန်းမ | ၆၀' x ၃၀' | ၈၇၄ ဦး | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | ၁၅၅၀၀၀၀၀/- | ၅၀၀၀၀၀/- | | | ၁၆,၀၀၀,၀၀၀ |

လူထုဗဟိုပြုစီမံကိန်း အစီမံကိန်း အကြ
အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ချင်းရွာကြီး | အဖြူမြေဖြီး လမ်းရေး | 3GHP, Engine 10kW dynamo. [illegible] | ၁၆၆ ဦး | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၇၀၀၀,၀၀၀/- | - | | ၇၀၀၀,၀၀၀ |
| ကန်သာယာ | ရေရှည်ရေး | ရေကန် (၁၀'x၁၀'x၁၂') [illegible] (၄'x၇'x၇') [illegible] | ၁၆၅ ဦး | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၄၆၀၀,၀၀၀/- | | ၁၃၅၈၀၀၀ | ၆၀၀၀,၀၀၀/- |
| | | | | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | | | | |
| | | | | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | | | | |

၅၇၆၀၀၀၀/၁၀၀၀၀၀၀ . ၁၄၀၀၀၀၀ . ၆၀၀,၀၀၀၀

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဌ အမည် ဦး[illegible] ၊ ဒေါ်[illegible]

လက်မှတ် [signature] ၊ [signature] ရက်စွဲ ၂၈. ၉. ၂၀၁၇

# အစည်းအဝေးမှတ်တမ်း

ကြံခင်းမြို့နယ်၊ ပိုးစုကြီးကျေးရွာအုပ်စု၊ စပါးအိုး (အရှေ့)ကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

စပါးအိုး (အရှေ့)ကျေးရွာတွင်ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၂၆.၉.၂၀၁၇)နေ့နံနက် (၉း၀၀) နာရီ တွင် စတင်၍ ကျေးရွာရပ်မိရပ်ဖ အား အဖွင့်အမှာစကားပြောကြားခြင်း။

-ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။

-ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။

-ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။

-စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။

-စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။

-ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။

-ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။

-ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။

-စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီးကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။

လူမှုဆန်းစစ်ချက်များဖြစ်သည့်

-လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေး ဖော် ထုတ် နိုင်ခဲ့သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည် အနှစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့် အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိမိမိကျေးရွာအပေါ်တွင်ထားရှိသောမျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း။ စီမံကိန်းတွင် အကျိုး ဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော် ထုတ် ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့ သည်။

*********************************************

## ၁၄. ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

**<u>ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ</u>**

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ဘက်စုံသုံးခန်းမ | ကျား+မ | ဒီဇင်ဘာလ ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | အင်ဂျင်မီး | ကျား+မ | ဒီဇင်ဘာလ ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၃ | ကွန်ကရစ်လမ်း | ကျား+မ | ဒီဇင်ဘာလ ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ စီးပွားရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ဆေးပေးခန်း | ကျား+မ | ၂၀၁၈ | ကျန်းမာရေး | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၁ | အသေးစားချေးငွေလုပ်ငန်း | မ | ၂၀၁၈ | ကျေးရွာလူထု | သမဦးစီးဌာန |
| | ၂ | တနိုင်တပိုင်မွေးမြူရေးလုပ်ငန်း | ကျား+ မ | ၂၀၁၈ | ကျေးရွာလူထု | မွေးမြူရေးဦးစီးဌာန |
| | | | | | | |
| | | | | | | |